


Pray for Rohingya

EXPECTANTLY SOWING

# ရိုဟင်ဂျာများအတွက် ကမ္ဘာလုံးဆိုင်ရာ ဆုတောင်းရာနေ့

အောက်တိုဘာလ ၅ ရက်၊ ၂၀၂၅ ခုနှစ်။





ထိုသို့မိန့်မြွက်တော်မူသော ထာဝရဘုရားကို၊ အာတောဧလရောဟူသော အမည်ဖြင့် ခေါ်ဝေါ်၍၊ ငါ့ကို မြင်တော်မူသောသူကို ဤအရပ်၌ပင် ငါဖူးမြင်ရသည်တကားဟု ဟာဂရဆိုလေ၏။
(က၊ ၁၆း၁၃)

## တွေ့မြင်သော ဘုရားသခင်

ရိုဟင်ဂျာများ၏ ဘဝအချိုးအကွေ့နှင့် သမိုင်းကြောင်းကို ပြန်လည်ဆင်ခြင်သည့်အခါ နေရပ်စွန့်ခွါခြင်း၊ ဆုံးရှုံးမှုနှင့် ရှန်းကန်မှုများဖြင့် ပြည့်နေသည့် ဖြစ်ရပ်ဇာတ်လမ်းများကို တွေ့မြင်ရသည်။ ရိုဟင်ဂျာများသည် ကမ္ဘာပေါ်တွင်အများဆုံး ညှဉ်းပန်းနှိပ်စက်ခံရသော လူမျိုးစုများထဲမှ တစ်စုဖြစ်ပြီး၊ မကြာခဏ လူသူမသိ၊ တိမ်မြုပ်လျစ်လျူရှုခြင်းကို ခံနေရသည်။ ဤကမ္ဘာက ထိုသို့လျစ်လျူရှုသည့်တိုင်၊ ဘုရားသခင်မူကား မည်သည့်အခါမျှ ထိုသို့မပြုလုပ်ပါ။ ကိုယ်တော်သည် ရိုဟင်ဂျာများကို တွေ့မြင်သည်။ သူတို့၏ နာကျင်မှု၊ အမည်နာမများနှင့် ဖြစ်ရပ်ဇာတ်ကြောင်းတို့ကို သိမြင်သည်။ ချစ်ခြင်းမေတ္တာဖြင့် သူတို့ကို အတိအလင်း ရှာဖွေနေသည်။ (ဗျာ၊ ၇း၉) တွင်ဖော်ပြထားသည့်အတိုင်း၊ တစ်နေ့တွင် သိုးသူငယ်၏ ပလ္လင်တော်ရှေ့တွင် ရိုဟင်ဂျာယုံကြည်သူများရပ်နေမည်ဟူသော ယုံကြည်ချက်ဖြင့် ဘုရားသခင်၏အလိုတော်ကို ကျွန်ုပ်တို့ ယုံကြည်စွာ စောင့်မျှော်နိုင်သည်။ ထိုနေ့ရက်ကို မျှော်လင့်လျက်၊ ရိုဟင်ဂျာများသည် သူတို့ကို တွေ့မြင်သောဘုရားသခင်ကို သိရှိလာရန်အတွက် ဘုရားသခင်၏ နှလုံးတော်နှင့် ပူးပေါင်းလျှက် သူတို့အတွက် ဆုတောင်းကူညီကြပါစို့။

## အို သခင်ဘုရား၊ ရိုဟင်ဂျာများသည် ကိုယ်တော်၏ မျက်မှောက်တော်၌ ရှိပါ၏။ အောက်ပါအချက်တို့အတွက် ကျေးဇူးတော်ချီးမွမ်းပါ၏။

- ရိုဟင်ဂျာများကို သာသနာပြုခြင်းလုပ်ငန်းများ၌ ကမ္ဘာအနှံ့ လုပ်သားများတိုးပွားစေတော်မူခြင်း (လု၊ ၁၀း၂)။
- ရိုဟင်ဂျာများ၏ မိခင်ဘာသာစကားဖြင့် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ရရှိရန် ပိုမိုတိုးတက်နီးစပ်လာခြင်း။
- ရိုဟင်ဂျာသာသနာလုပ်သားများအသိုင်းအဝိုင်းတွင် စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုရှိစေခြင်း။
- ရိုဟင်ဂျာများအလယ်၌ နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကို သက်သေခံထင်ရှားစေနိုင်ခြင်း။

## ရိုဟင်ဂျာများသည် သူတို့ကိုတွေ့မြင်သောသူကို မြင်နိုင်ရန် ဆုတောင်းကူညီပါ။

- ရိုဟင်ဂျာများသည် သမ္မာကျမ်းစာဘာသာပြန်ဆိုသည့် ကြိုးစားမှုများကို သူတို့အား ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော်ဖြင့် လိုက်ရှာခြင်းအဖြစ် မြင်နိုင်ရန်၊ ဘုရားသခင်ကို ကိုယ်တိုင်ကိုယ်ကျသိကျွမ်းချင်သော ယုံကြည်ခြင်းရှိလာရန်၊ သမ္မာကျမ်းစာဘာသာပြန်ခြင်း လုပ်ငန်းစဉ်အပေါ် ကျေးဇူးတော်ပြည့်ဝရန် ဆုတောင်းကူညီပါ။
- ရိုဟင်ဂျာများသည် အံ့အားသင့်ဖွယ် အိပ်မက်များ၊ ဗျာဒိတ်ရူပါရုံများနှင့် ဘုရားသခင်၏တန်ခိုးတော်ကို မြင်တွေ့ရသည့် နိမိတ်လက္ခဏာများမှတစ်ဆင့် သူတို့ကို တွေ့မြင်သောဘုရားသခင်နှင့် ထိတွေ့နိုင်ရန် ဆုတောင်းကူညီပါ။ ဘုရားသခင်၏ ခေါ်တော်မူခြင်းကို နှိမ့်ချ၍ ယုံကြည်သောစိတ်ဖြင့် တုန့်ပြန်နိုင်ရန် နှလုံးတံခါး အမြဲဖွင့်ထားနိုင်အောင် ဆုတောင်းကူညီပါ။
- ရိုဟင်ဂျာယုံကြည်သူများနှင့် အသင်းတော်များသည် ယေရှုခရစ်၏ ပုံသဏ္ဍာန်ကို ပိုမိုထင်ဟပ်စေရန် ဆုတောင်းကူညီပါ။
- ဆော်ဒီအာရေဗျ၊ ပါကစ္စတန်နှင့် တရုတ်နိုင်ငံများထဲက မထင်မရှားနေရာများတွင် တိမ်မြုပ်နေသော ရိုဟင်ဂျာများသည် နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကို ကြားရပြီး သက်သေထင်ရှားမှုများကို မြင်တွေ့စေရန် ဆုတောင်းကူညီပါ (လု၊ ၁၀း၉)။

**သခင်ယေရှု၊ ကိုယ်တော်သည် ပျောက်ဆုံးသောသူကို ရှာပြီး ကယ်တင်ပါ၏။ ကိုယ်တော်သည် ပျောက်ဆုံးပြီး၊ လိုနေသူများကို သိုးထိန်းမရှိသောသိုးများကဲ့သို့ သနားခြင်းကရုဏာစိတ်နှင့် တွေ့မြင်ပါ၏။ ရိုဟင်ဂျာများအတွက် ကိုယ်တော်၏ ကယ်တင်ခြင်းအစီအစဉ်ရှိသည်ကို ကျေးဇူးတော်ချီးမွမ်းပါ၏။ အို ဘုရားသခင်၊ ကိုယ်တော်သည် သူတို့ကို အမှန်တကယ်တွေ့မြင်ပြီး အခြားမည်သူမျှမပေးနိုင်သော မေတ္တာတော်ကို ပေးပါ၏။ အာမင်။**

**Thank you for praying with us!**
www.pray4rohingya.com

Scan the QR code and sign up to receive regular short prayer requests via WhatsApp